မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 4 , 2025 Volume 88, Number 2

၄.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၉.၂၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၁.၃၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၆.၇၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# သာပေါင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧက ၅၇,၀၀၀ ကျော်ရိတ်သိမ်းပြီးဖြစ်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧက ၅၇,၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးသီးနှံစိုက်ပျိုးရာသီက သာပေါင်းမြို့နယ်၌ စပါး ၆၈,၂၉၇ ဧက လျာထား စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ၅၇,၆၄၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း၊ ရိတ်သိမ်းပြီးဖြစ်သည့် စပါးတစ်ဧကလျှင် ၈၉ ဒသမ ၂၁ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ စပါးလျာထားဧက ၆၈,၂၉၇ ဧကကို ပြန်လည်ရိတ်သိမ်းခဲ့တာ လက်ရှိအထိ ၅၇,၆၄၇ ဧကပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ မိုးစပါးအခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သွင်းအားစုတွေရရှိဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့ တခြားဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်''ဟု ၎င်းကပြောသည်။

သာပေါင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ရွှေခရုဖျက်ဆီးမှုမရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသည် အဓိကကျကြောင်း၊ စားရေရိက္ခာဖူလုံ ပိုလျှံမှုရှိမှသာ တိုင်းပြည်သာယာဝပြောမည်ဖြစ်သည်။

စားရေရိက္ခာနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့်ဆန်စပါးသည် ပြည်တွင်း၌ ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့လည်း နှစ်စဉ် တင်ပို့လျက်ရှိရာသာပေါင်းမြို့နယ်မှ တောင်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်အတိုင်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဈေးကွက်၌ ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်အပြင်ပြည်ပသို့တင်ပို့နိုင်ရေးအတွက်လည်း အထောက်အကူပြုစေမည် ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၄-၂-၂၀၂၅ မှ ၂၈-၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၂၂,၁၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၃၂၇,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၀၆၃,၁၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၉,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop)ကျပ် ၂၉,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၅၃,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်ကကုန်စည်ဒိုင်သို့ မတ်ပဲကွန်တိန်နာ ၅၅ လုံး(တန်ချိန် ၁၃၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၆၅ လုံး (တန်ချိန် ၃၉၆၀)နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop)ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ရှောက်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၆,၀၀၀၊ မြားနီ ကျပ် ၆,၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၃,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂,၅၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲရှောက် (သစ်) AC ကျပ် ၅၀၀၊ မြားနီ ကျပ် ၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၂,၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်ရှောက်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၈၀၀ (၁၂,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၉၅၀၀ (၁၉၀,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၉၀၀ (၁၃,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၅၀၀ (၁၀,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

### မန်ကျည်းသီး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၅၀၀၊ မန်ကျည်းအသား(သစ်) ကျပ် ၁၃,၀၀၀ နှင့် မန်ကျည်းသီး(ရမည်းသင်းဒါးဇင်း) ကျပ် ၅၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၇၀၀၊ မန်ကျည်းအသား(သစ်) ကျပ် ၅၀၀၀ နှင့် မန်ကျည်းသီး (ရမည်း သင်းဒါးဇင်း) ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

### ထန်းလျက်၊ ကြံသကာနှင့် သကြား

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၇၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၁၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၅၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၄-၂-၂၀၂၅ မှ ၂၈-၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၈၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၈၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၇၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၂၀၀၊ မြစ်သား လတ်ကြီး ကျပ် ၃၅၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၄၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၆၅၀ အသီးသီး ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၀၊ ဆိပ်ဖြူ လတ်သန့် ကျပ် ၃၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၀၀ ၊မြစ်သားသစ်ရှယ် ကျပ် ၄၀၀၊ မြစ်သားလတ်ကြီး ကျပ် ၇၀၀ မြစ်သားလတ်သန့် ကျပ် ၆၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၅၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၅၅ စီး (၉၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၆၅ စီး (၉၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၂,၅၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ် (ရှယ်) ကျပ် ၁၀၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၁၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅၀၀ နှင့် အောင် ပန်းထူး-၅ ကျပ် ၁၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၈၀၀ (၈၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် ကြက်သွန်ဖြူ အိတ် ၄၀၀ (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၄၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူး ဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၂၆ စီး (၁၅၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၁ စီး (၁၈၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) ပိုမိုဝင် ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ခရမ်းကြွပ်သီး စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ပြီး သီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ခရမ်းကြွပ်သီးကို မိသားစုတစ်ပိုင်တစ်နိုင်အနေဖြင့် လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး ဓနုဖြူမြို့နယ်၌ နှစ်စဉ် ၆၅၇၉ ဧကေ စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခရမ်းကြွပ်သီးကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် အသီးများစတင်ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ပဒေသာခရမ်းကြွပ်(ထိုင်ဝမ်) မျိုးများကို ပေါင်ခတ်၍ အတန်းလိုက် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင်

တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ခရမ်းကြွပ်သီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အသီးကုန်ချိန်အထိ ငါးလခန့်အကြာ ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် အလုံးရေ ၈၀၀၀၀ ခန့် ထွက်ရှိပြီး ခနော်ဖြူမြို့နယ် ဒေသတွင်းရှိ ကုန်စိမ်းပွဲစားများသို့ ရောင်းချသည့်အပြင် ပွဲစားများကတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းကြွပ်သီးစိုက်ပျိုးခြင်း သည် ကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ ကြက်သွန်နီသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် အတွင်းရှိ ကျေးရွာများသည် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီသီးနှံကို ပန်းတော်ပြင်ကျေးရွာ၌ ၁၅ ဧက ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကြက်သွန်နီသီးနှံကိုနိုဝင်ဘာလတွင်စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်တွင် တူးဖော်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ ဘောင်တင်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးကြောင်း ပင်စိုက်နှင့် ဥစိုက်ဟူ၍ စိုက်ပျိုးကြပြီး ဥစိုက်ကြက်သွန်နီကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ရွှေဖလားမျိုးကို ရေနံချောင်းမြို့မှ တစ်ပြည်လျှင် ငွေကျပ်တစ်သိန်းဖြင့် ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးခြောက်ပြည်ခန့် ကုန်ကျကြောင်း၊ ကြက်သွန်နီတစ်ဧကလျှင် မျိုးဖိုး၊ မြေပြုပြင်ခ၊ လုပ်အားခ၊ ရေသွင်းခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ကြက်သွန်နီတစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက် တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ကြက်သွန်နီ စိုက်ခင်းများ အောင်မြင်ဖြစ် ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင်တူးဖော်ရမည်ဖြစ်ကာအထွက်နှုန်းကောင်းမွန်၍ဈေးကောင်းရရှိပါက အမြတ်ရရှိမည် ဖြစ် ကြောင်း၊ ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံက သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ခနော်ဖြူမြို့နယ်၌ ဘူးပင်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး ခနော်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ဘူးသီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးသီးကိုနိုဝင်ဘာလတွင် စိုက်ပျိုး၍နှစ်လခွဲခန့်အကြာ ဖေဖော်ဝါရီလ မှစတင်၍ ဘူးသီးများ ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ဗမာမျိုးများကို စိုက်ပျိုးကြပြီး စင်တင်စနစ်နှင့် မြေချစနစ်ဟူ၍ရှိရာ စင်တင်စနစ်ဖြင့်သာ အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဘူးပင်ရေ ၁၈၀ ခန့် ဝင်ဆံ့စိုက်ပျိုးနိုင်ပြီး စင်တင်စနစ် စိုက်ပျိုးရာ၌ အသုံးပြုသည့် ဝါးစင်ကို နှစ်နှစ်အတွင်းပြန်လည်အသုံးပြုနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ် ဧကလျှင် စုစုပေါင်းငွေကျပ် ၁၇ သိန်းကျော် ခန့်ကုန်ကျကြောင်း၊ ဘူးသီးကို တစ်လလျှင် လေးကြိမ် ခူးဆွတ်ရနိုင်ပြီး လေးလအကြာ အထိ ခူးဆွတ်လျက်ရှိရာ တစ်ဧကလျှင် စုစုပေါင်း ဘူးသီးအလုံးရေ ၄၁,၀၀၀–၄၃,၀၀၀ လုံးခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ခနော်ဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ ကုန်စိမ်းလက်ကားဆိုင်များ၊ ဘူးသီးကြော်ဆိုင်များသို့ ရောင်းချလျက်ရှိရာ

ဘူးသီးနှံစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာ၍အကျိုးအမြတ်ရရှိသောကြောင့်နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၄ ခုနှစ်တွင် ၇ ဒသမ ၈ ရာခိုင်နှုန်း တက်လာခဲ့



ရုရှားနိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၄ ခုနှစ်တွင် ယခင်နှစ်ထက် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၅၀ ဒသမ ၉ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်းရုရှားဖက်ဒရယ်အကောက်ခွန်ဌာနက Telegram ၌ ကြေညာခဲ့သည်။

နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်းသည် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၇၁၆ ဒသမ ၉ ဘီလီယံရှိပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုညဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း တရားဝင်အချက်အလက်များအရသိရသည်။

ရုရှား၏စုစုပေါင်းပို့ကုန်သည် တစ်နှစ်ထက်တစ်နှစ် ၂ ရာခိုင်နှုန်းတိုးလာပြီး ဒေါ်လာ ၄၃၃ ဒသမ ၉ ဘီလီယံ ရှိပြီး သွင်းကုန်မှာ သုည ဒသမ၇ ရာခိုင်နှုန်းမှ ဒေါ်လာ ၂၈၃ ဘီလီယံအထိ ကျဆင်းသွားသည်။ ဥရောပနိုင်ငံများသို့ နိုင်ငံ၏ ပို့ကုန်သည် ၂၀ ဒသမ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန်သည် ၆ ဒသမ ၈၈ ရာခိုင်နှုန်းမှ ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံသို့ကျဆင်းသွားကြောင်းသိရသည်။

အာရှသို့ ရုရှား၏ ပို့ကုန်သည် ၇ ဒသမ ၅၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဒေါ်လာ ၃၂၉ ဒသမ ၂ ဘီလီယံရှိသည်။ အာရှသို့ တင်သွင်းမှုသည် ဒေါ်လာ ၁၉၁ ဒသမ ၂ ဘီလီယံအထိ ရှိပြီး ၁ ဒသမ ၉၂ ရာခိုင်နှုန်း တိုးမြင့်လာသည်ကိုတွေ့မြင်ခဲ့ရသည်။ အာဖရိကသို့ တင်ပို့မှုမှာ ၁၄ ဒသမ ၆၂ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၃ ဘီလီယံ ဒေါ်လာမြင့်တက်ခဲ့ပြီး သွင်းကုန်မှာ တစ်နှစ်ထက် တစ်နှစ် ၂ ဒသမ ၉၄ ရာခိုင်နှုန်း တိုးမြင့်လာကာ ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ တိုးလာခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## လာအိုနိုင်ငံသည် သစ်သားပရိဘောဂလုပ်ငန်းကို မြှင့်တင်ရန် ပြပွဲကျင်းပမည်



လာအိုနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လာအိုနိုင်ငံရှိ Lao Wood Furniture Fair 2025 ကို ပြည်တွင်းသုံးပစ္စည်းများ အသုံးပြု၍ လာအိုနိုင်ငံမှ ထုတ်လုပ်သော သစ်သားပရိဘောဂများ ထုတ်လုပ်မှုကို မြှင့်တင်ရန် လာအိုနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

မတ်လ ၈ ရက်မှ ၁၆ ရက်အထိ လာအိုမြို့တော် ဗီယင်ကျန်းတွင်ကျင်းပမည့် အဆိုပါပွဲသည် ပြည်တွင်းထုတ်လုပ်သူများ၏ ထုတ်ကုန်များကို ပြသရန်နှင့် ပြည်တွင်းနှင့်နိုင်ငံတကာ ဈေးကွက်များနှင့် ထိတွေ့ဆက်ဆံနိုင်ရန်အရေးကြီးသော ပလက်ဖောင်းတစ်ခုဖြစ်သည်။

သစ်သားပရိဘောဂလုပ်ငန်းတွင်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) အတွက် ရည်စူးထားသည့် အထူးပြခန်း ၅၀ အပါအဝင်ပြခန်းပေါင်း ၁၅၀ ပါဝင်မည်ဟုမျှော်လင့်ထားကြောင်းလာအိုနိုင်ငံပိုင်တီဗွီသတင်းတွင်ဖော်ပြထားသည်။

ပြပွဲသည် ထုတ်ကုန်ပြပွဲများနှင့် စီးပွားရေးကွန်ရက်များအပါအဝင်ပရိုမိုးရှင်းအခွင့်အလမ်းများကိုပေးဆောင်မည်ဖြစ်သည်။

ပြပွဲသည် စိမ်းလန်းသောစက်မှုလုပ်ငန်းကိုမြှင့်တင်ရန်နှင့် လာအိုသစ်သားပရိဘောဂများ၏တန်ဖိုးကို လူအများသိရှိနား

လည်စေရန်ရည်ရွယ်ခြင်းဖြစ်သည်။

၎င်းသည် ရေရှည်တည်တံ့ခိုင်မြဲသောအရည်အသွေးမြင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်နှင့်ကမ္ဘာ့ဈေးကွက်တွင် လာအိုထုတ်ကုန်များကိုမြှင့်တင်ရန် ဆက်လက်ကြိုးပမ်းမှုများ၏ အဓိကအစိတ်အပိုင်းတစ်ခုလည်း ဖြစ်ကြောင်းသိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## မလေးရှားနိုင်ငံက ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ချန်ပီယံဖြစ်စေရေး ဆောင်ရွက်မည်

တစ်ကမ္ဘာလုံးအတိုင်းအတာအရပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူမှုအပေါ် အလေးပေးမှုမြင့်တက်လာသည်နှင့်အညီ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတွင် ကမ္ဘာ့ဒုတိယအဆင့်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည်လည်း ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ချန်ပီယံဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားစားအုန်းဆီအသင်း (Malaysi an Palm Oil Association – MPOA) က ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် သတင်း ထုတ်ပြန်ခဲ့သည်။

စိုက်ပျိုးရေးနှင့်သီးနှံဝန်ကြီးဌာန ဝန်ကြီး Datuk Seri Johari Abdul Ghani က ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် ပုဂ္ဂလိကကဏ္ဍနှင့် အသေးစားစိုက်ပျိုးထုတ်လုပ်သူများအကြား ရေရှည်တည်တံ့မှုနှင့်စပ်လျဥ်း၍ ပိုမိုလိုက်နာစေရေး 36th Palm and Lauric Oils Price Outlook Conference and Exhibition ၏ သတင်းစာရှင်းလင်းပွဲတွင် အလေးပေးပြောကြားခဲ့သည်။

“မလေးရှားနိုင်ငံ၏ဆီအုန်းစိုက်ပျိုးဧကမှာ ဟက်တာ ၅ ဒသမ ၇ သန်းရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ဧက ၄ ဒသမ ၂ သန်း၊ အသေးစားစိုက်ပျိုးထုတ်လုပ်သူများက ဧက ၁ ဒသမ၅ သန်း ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီးကမ္ဘာ့အခြေအနေမှာ ရေရှည်တည်တံ့သည့်လုပ်ဆောင်ချက်များကို အလေးပေးလျက်ရှိရာ မလေးရှားနိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်အချိန်များက ဆီအုန်း စိုက်ပျိုးရန်အတွက် မြေရှင်းလင်းသည့် နည်းလမ်းကို အသုံးပြုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် European Union Deforestation Regulation (EUDR) အပါအဝင် နိုင်ငံတကာစည်းမျဥ်းများ ရှိလာပြီဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အဆိုပါစည်းမျဥ်း သတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ မြေအသုံးချမှုတိုးချဲ့ခြင်းထက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အာရုံစိုက်သင့်ကြောင်းကို ဆီအုန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူများအား အမြဲသတိပေးပြောကြားကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် ရေရှည်တည်တံ့မှုဆိုင်ရာ စည်းမျဥ်းသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာသည့် နိုင်ငံဖြစ်ရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

၎င်းက ဆီအုန်းစိုက်ပျိုးမှုအတွက် သစ်တောပြုန်းတီးမှုများမှ ကာကွယ်ရေး မလေးရှား နိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ မလေးရှားနိုင်ငံသည် ရေရှည်တည်တံ့ရေးဆိုင်ရာမျှော်မှန်းချက်များကို ချမှတ်ထားပြီး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များတွင်လည်း ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်သည်။

၎င်းတို့တွင် ၂၀၅၀ ပြည့်နှစ် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုသုညဖြစ်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု ၄၅ ရာခိုင်နှုန်းလျှော့ချခြင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု ၃၀ ရာခိုင်နှုန်း လျှော့ချခြင်း၊ သစ်တောဖုံးလွှမ်းဧက အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိစေရေး စသည် တို့ပါဝင်သည်။

မလေးရှားနိုင်ငံသည် ဥရောပသမဂ္ဂဈေးကွက်ကို မဆုံးရှုံးစေရေးအတွက် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ကမ္ဘာက လက်ခံလာသည့် ရေရှည်တည်တံ့သည့် လုပ်ငန်းကဏ္ဍဖြစ်စေရေး၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တာဝန်ယူမှုရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရေးကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: မလေးရှားစားအုန်းဆီအသင်း (Malaysian Palm Oil Association – MPOA)**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

# STOCK EXCHANGE (4.3.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Mar. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 1,679 | 12,088,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,328 | 3,920,100 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 345 | 2,691,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,750 | 2,295 | 4,083,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 218 | 632,200 | 12,823,224 | 37,187 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 538 | 860,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 205 | 810,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 370 | 1,182,000 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.94 | -0.30 | -0.08% | 358.61 | 358.94 | 357.12 | 6,978 | 26,268,750 | 8 | 677,019 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:00 am, 5th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 50 (Shares) | 332,200 (MMK) |

| MYANPIX | 358.94 ▲ 0.00 |
|---|---|
| Total Volume (shares) | 50 |
| Total Value (MMK) | 0 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,019 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |